# အေးအေးချမ်းချမ်းဖြစ်မှ ကျောင်းတွေပြန်ဖွင့်နိုင်မှာဖြစ်လို့ ဆူပူလှုံ့ဆော်တာတွေ၊ CDM လှုပ်ရှားမှုတွေ ရပ်တန်းကရပ်စေချင်ပါပြီ။ ဖြစ်နိုင်ရင် မိဘတွေက ကိုယ့်သားသမီးတွေကို CDM ထဲ မပါစေဖို့ ထိန်းသိမ်းစေချင်ပါတယ်။

**ဒေါ်ပု**

ယခုအချိန်တွင် ပြည်သူတွေကလည်း အဖြူနှင့်အမည်း၊ အမှားနှင့်အမှန်ကို ကွဲကွဲပြားပြား ခွဲခြားချင့်ချိန်နိုင်လာကြပြီဖြစ်သလို နိုင်ငံ့ဝန်ထမ်းများလည်း မိမိတို့၏ မူလရုံးဌာနအသီးသီးတွင် ပြန်လည်တာဝန်ထမ်းဆောင်နေကြပြီဖြစ်သည်။ ယခုလိုအခြေအနေမျိုးတွင် CDM လှုပ်ရှားမှုနှင့် ပတ်သက်၍ ပြည်သူအချို့တို့၏ စကားသံများကို တင်ပြလိုက်ရပါသည်။

"ဒီCDMလှုပ်ရှားမှုကြီးကို အမြန်ဆုံးပြီးဆုံးစေချင်နေပါပြီ။ ကုန်ဈေးနှုန်းတွေက တစ်နေ့ထက်တစ်နေ့ တရိပ်ရိပ်တက်နေပြီ။ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်ကအစ အကုန်တက်နေတာ။ အရောင်းအဝယ်ကလည်း ကိုဗစ်မွေ့ပြီးကတည်းက အေးသွားတာ ရောင်းလို့ဝယ်လို့ မကောင်းတော့ဘူး။ အခုလိုဆူပူအကြမ်းဖက်တာတွေကထပ်ဖြစ်တော့ ပိုဆိုးတော့တာပေါ့။ မြို့မဈေးကြီးဆိုတာလည်း တစ်ခါတလေ ခြောက်ကပ်လွန်းလို့ ဈေးဦးမပေါက်တဲ့ရက်တွေလည်းရှိနေပြီ။ ဈေးထဲလူမရှိတာလည်း မပြောနဲ့လေ။ ရှိသမျှလူတွေက ဒီ CDM နောက် ရုတ်ရုတ် ရုတ်ရုတ်နဲ့လိုက်ပါသွားကြတာကိုးရှင့်။ သူတို့ဟာသူတို့ ထောက်ခံလို့လိုက်သွားကြတာကို မပြောလိုပါဘူး။ မဆီမဆိုင် ဈေးကိုလည်း ပိတ်ခိုင်းသေးတယ်လေ။ အများနဲ့တစ်ယောက်မို့ စကားနည်းရန်စဲ စကားမများချင်လို့ မကျေနပ်လည်း အောင့်သက်သက်နဲ့ဈေးဆိုင်ပိတ်ရတယ်။ အစ်မဘေးကဆိုင်ကလည်း အစ်မလိုပဲ သူတို့ CDM ကိုမထောက်ခံပေမယ့် ဈေးပိတ်ဆိုပိတ်ပေးရတဲ့ဘဝ ရောက်နေပြီ။ သူတို့က ဈေးမရောင်းလည်း စားနိုင်ပေမယ့် အစ်မတို့က တစ်နေ့လုပ်မှ တစ်နေ့စားရတယ်။ သားသမီး သုံးယောက်ကလည်း လူမမည်ကျောင်းသားလေးတွေမို့ အစ်မပြန်မှ ထမင်းအိုးတည်ရတယ်။ ကလေးတွေရဲ့အဖေက ဆုံးသွားတာ တစ်နှစ်ပြည့်တော့မယ်။ ဒါကြောင့် သားသမီးတွေရဲ့ စားဝတ်နေရေးကို တစ်ယောက်ထဲဒိုင်ခံဖြေရှင်းနေရတာမို့ ဈေးဆိုင်တစ်ရက်ပိတ်ခိုင်းတိုင်း တစ်ခါရင်မောရတယ်။ ဒါကြောင့် ဒီ CDM လှုပ်ရှားမှုကြီးကို အမြန်ဆုံးအဆုံးသတ်စေချင်တာပါ"ဟု ကုန်စိမ်းရောင်းသည့် မမြဝင်း(အမည်လွှဲ)က ပြောသည်။

"အဒေါ်ကတော့ ကလေးတွေပညာရေးနဲ့ ဝေးနေတာကြာပြီမို့ ကျောင်းတွေပဲ အမြန်ပြန်ဖွင့်စေချင်ပါတယ်။ ကျောင်းတွေပိတ်ထားတော့လည်း စာနဲ့ဝေးပြီး ကလေးတွေလည်း စိတ်လေအချိန်လေပေါ့။ မရှိမဲ့ရှိမဲ့နဲ့ သူများတန်းတူ ဘော်ဒါဆောင်ထားခဲ့တဲ့ ဆယ်တန်းဖြေမယ့်သားလည်း ကိုဗစ်ကြောင့် ကိုးလို့ကန့်လန့်တွေဖြစ်၊ ကိုဗစ်ငြိမ်ရင် ကျောင်းတွေပြန်ဖွင့်မှာပဲလို့ မျှော်လင့်ထားပေမယ့် ဆူပူဆန္ဒပြမှုတွေဖြစ်နေတော့ ဒုက္ခပါပဲ။ ဆယ်တန်းမအောင်သေးတော့ ဟိုမရောက်ဒီမရောက်ပေါ့။ အဒေါ်လည်း မရှိရှိတာနဲ့ ကျောင်းထားပေးနေတာပဲ။ အေးအေးချမ်းချမ်းဖြစ်မှ ကျောင်းတွေ ပြန်ဖွင့်နိုင်မှာဖြစ်လို့ ဆူပူလှုံ့ဆော်တာတွေ၊ CDM လှုပ်ရှားမှုတွေ ရပ်တန်းကရပ်စေချင်ပါပြီ။ ဖြစ်နိုင်ရင် မိဘတွေက ကိုယ့်သားသမီးတွေကို CDM ထဲမပါစေဖို့ ထိန်းသိမ်းစေချင်ပါတယ်။ နိုင်ငံရေးကိုဘာမှလည်း သိကြနားလည်ကြမယ့်အရွယ်လည်း မဟုတ်ဘူးလေ။ ကျောင်းသားက ကျောင်းစာပဲ စိတ်ဝင်စားစေချင်တယ်။ မသမာသူတွေ သွေးထိုးလှုံ့ဆော်တာကို နားယောင်ပြီး CDM ထဲ ပါသွားတဲ့ ကလေးတွေရဲ့အဖြစ်ဆိုးတွေကို နေ့တိုင်းမြင်နေရကြားနေရတော့ သားဖြစ်သူကိုလည်း စိတ်ပူနေရတယ်။ အပေါင်းအသင်းစကားနားမယောင်ဖို့ နေ့တိုင်းဆုံးမရတယ်။ မျက်စိအောက်ကလည်း အပျောက်မခံရဲဘူး။ ကျောင်းတွေ အမြန်ဆုံးပြန်ဖွင့်ပြီး အားလုံးအေးချမ်းဖို့အတွက် CDM လှုပ်ရှားမှုကြီး အမြန်ဆုံးအပြီးသတ်ပါစေလို့ပဲ ဆုတောင်းပါတယ်"ဟု ညဈေးတန်းတွင် အကြော်စုံရောင်းသော ဒေါ်ပုက ပြောသည်။

"ဘယ်သူမှားတယ် ဘယ်သူမှန်တယ် ဝေဖန်နေတာမဟုတ်ပါဘူးဗျာ။ CDM ကို အစကထောက်ခံခဲ့ပါတယ်။ ဒါပေမယ့် ကျန်းမာရေးဝန်ထမ်းတွေ CDM လုပ်ပြီး ဆေးရုံတွေပိတ်တာတော့ သိပ်ပြီးသဘောမကျဘူးလို့ထင်ပါတယ်။ မဆီမဆိုင်ဗျာ ဆရာဝန်၊ ဆရာမတွေဆိုတာ လူနာတွေကို ရန်သူမိတ်ဆွေမခွဲခြားဘဲ ကုသပေးရမယ်လို့ပဲ ကြားဖူးပါတယ်။ အခုတော့ ဆေးရုံတွေပိတ်ပြီး ပြန်ကြတယ်ဆိုတော့ ဘယ်လိုနားလည်ရမလဲမသိနိုင်အောင်ပါပဲ။ မွေးလူနာဆိုတာမျိုးက အောင့်ထားလို့ရတဲ့အရာမျိုးလားဗျာ။ အရေးပေါ်လူနာတွေလည်း ကုသပေးမယ့် ဆရာ ဆရာမ မရှိတော့ ရင်နာနာနဲ့ ကံတရားကို ပုံချနေရတယ်။ CDM လုပ်လို့ ဆေးမကုဘူးဆိုတဲ့ ဆရာ ဆရာမ အချို့က စီးပွားဖြစ်ကိုယ်ပိုင်ဆေးခန်းတော့ ဖွင့်တယ်တဲ့ဗျာ။ ဆေးရုံတွေမှာကုသပေးမယ့် ဆရာ ဆရာမတွေမရှိတော့ တပ်မတော်က ဆေးဘက်ကျွမ်းကျင်တဲ့ ပညာရှင်တွေ လာရောက်ကုသပေးပြန်တော့လည်း လက်မခံဘဲ လူထုဆူပူအုံကြွကြပြန်တယ်။ CDMရဲ့ လုပ်ရပ်ကို တစ်နေ့တခြားသိလာပြီး သဘောမကျလို့ CDM ဆက်မလုပ်ဖြစ်ခဲ့တာပဲ ခပ်ကောင်းကောင်းလို့ တွေးမိပါတယ်။ တချို့CDM သမားတွေဆို ဝန်ထမ်းလိုင်းခန်းကနေ ဖယ်ပေးရတဲ့ဘဝ ရောက်နေပါတယ်။ CDM ကို စောစောကျောခိုင်းခဲ့တဲ့ ကျွန်တော့်အတွက် ကံကောင်းသွားတယ်ပဲ ထင်မိပါတယ်ဗျာ။ ကိုယ့်ထမင်းကိုယ်စားပြီး ကြီးတော်နွားကျောင်းနေရတဲ့ဘဝနဲ့ ဆက်စခန်းမသွားချင်လို့ CDM ဆက်မလုပ်ဖြစ်တာပါ"ဟု သုံးဘီးဆရာမောင်ထွန်းက ပြောသည်။

"အခုတော့ အရင်လိုလူတွေလည်း မတက်ကြွကြတော့ပါဘူး။ CDM လှုပ်ရှားမှုက ရက်ရှည်လာတော့ အားလုံးလက်ပန်းကျလာကြပြီ။ စားဝတ်နေရေးက အဆင်မပြေ၊ ရောင်းပန်းဝယ်ပန်းကမကောင်း၊ နိုင်ငံရေးအခြေအနေက ဘာမှမထူးတော့ အရင်လိုမတက်ကြွနိုင်တော့ဘူးပေါ့လေ။ ဟိုကထောက်ပံ့မယ် ဒီကထောက်ပံ့မယ်ဆိုတဲ့ မက်လုံးတွေကလည်း လေထဲမှာပဲပျောက်သွားကြပြီ။ အဲဒါတွေကို ကြိုမြင်ကြိုသိလို့ အစ်မကတော့ နီးစပ်ရာ အသိတွေကို CDM မလုပ်ဖို့ အတတ်နိုင်ဆုံးတားခဲ့ပါတယ်။ လုပ်မိခဲ့တဲ့သူတွေကိုလည်း စေတနာနဲ့ဆက်မလုပ်ဖို့ သတိပေးနေရတယ်။ ထိုင်နေရင်အကောင်း ထသွားမှအကျိုးမှန်းသိဆိုသလိုပါပဲ။ အစကကိုယ့်ထမင်း ကိုယ်စား၊ ကိုယ့်အလုပ်ကိုယ်လုပ်ခဲ့ရင် ဒီနိုင်ငံရေးဆိုတဲ့ ပြဿနာထဲ မပါနိုင်တော့ဘူးပေါ့။

အခုတော့ ကိုယ့်ဘဝနဲ့ကိုယ် အေးအေးဆေးဆေးမနေဘဲ CDM ထဲပါမိလို့ မိသားစုအသိုက်အမြုံတွေ ပျက်စီးကြရပြီ။ ဝန်ထမ်းတွေလည်း တစ်သက်လုံး ခေါင်းမော့ရင်ကော့နေနိုင်လာခဲ့တာ CDM ကြောင့် ဝရမ်းပြေးလိုဘဝမျိုး ရောက်နေရတဲ့သူတွေ၊ အိုးမဲ့အိမ်မဲ့ဖြစ်ပြီး လိုင်းခန်းကဖယ်ပေးရသူတွေ၊ အလုပ်ထုတ်ခံရလို့ မိသားစုဘဝအားလုံး ခိုကိုးရာမဲ့နေရတဲ့သူတွေ မြင်နေတွေ့နေရတာ စိတ်မချမ်းသာဘူး။ ဒါကြောင့် ဒီCDM ကြီး အမြန်ရပ်တန့်ပြီးဆုံးစေချင်ပါတယ် " ဟု စတိုးဆိုင်ပိုင်ရှင်မချို(အမည်လွှဲ)ကပြောသည်။

**တွေ့ဆုံမေးမြန်း-နန်းချယ်ရီထွန်း**

---

ကြေးမုံ **အယ်ဒီတာ့ထံ ပေးစာ**

## ပြည်သူတွေ လုံခြုံမှုရှိစေဖို့ ဆူပူဆန္ဒပြအကြမ်းဖက်သူတွေကို အမြန်ဆုံးအရေးယူဆောင်ရွက်ပေးပါ

အယ်ဒီတာခင်ဗျာ–

နေ့စဉ်နေ့တိုင်း ဆူပူအကြမ်းဖက်သူတွေက ပိုပြီးအတင့်ရဲလာတာတွေ့ရပါတယ်။ အေးချမ်းစွာနေလိုကြတဲ့ ပြည်သူတွေအိမ်ကို ဒလန်တွေဆိုပြီး အုပ်စုဖွဲ့အကြမ်းဖက်၊ သေစေနိုင်တဲ့လက်နက်တွေနဲ့ ရန်ပြုသတ်ဖြတ်နေတာကို မြင်တွေ့ကြားနေရတာ စိတ်မချမ်းသာပါဘူး။

ကျွန်တော်တို့ အေးချမ်းစွာနေထိုင်လိုပါတယ်။ အကြမ်းဖက်လူတစ်စုရဲ့ ခြိမ်းခြောက်မှုတွေကို ကြောက်ရွံ့ပြီး ဈေးလည်းမရောင်းရဲ၊ အပြင်လည်းမထွက်ရဲနဲ့ စိတ်ဒုက္ခတွေ ရောက်နေပါတယ်။ သူတို့ဟာ အကြမ်းဖက်သမားတွေ၊ အဖျက်သမားတွေပါ။

နေ့စဉ်ရက်ဆက်မို့ နေစရာမရှိလောက်အောင်ဖြစ်နေပါပြီ။ သက်ဆိုင်ရာက ငြိမ်းချမ်းစွာ ကိုင်တွယ်ဖြေရှင်းပေးနေတာကို အခွင့်အရေးယူနေတဲ့ အကြမ်းဖက်သမားတွေကို ကျွန်တော်တို့ ပြည်သူတွေ သည်းမခံနိုင်တော့ပါဘူး။ ဒါကြောင့် ဒီအဖျက်သမားတွေကို ထိထိရောက်ရောက်နဲ့ အမြန်ဆုံး အရေးယူဆောင်ရွက်ပေးပါလို့ အယ်ဒီတာ့ထံမှတစ်ဆင့် တင်ပြလိုက်ရပါတယ်ခင်ဗျာ။

**ငြိမ်းချမ်းလိုသူပြည်သူတစ်ဦး**

---

**အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့နိုင်**

ကြေးမုံသတင်းစာ ဖတ်ရှုသူပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ သိရှိစေရန် အပြုသဘောဖြင့် ရေးသားထားသော ပေးစာများကို ကြေးမုံသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ် ပြည်သူများအား အသိပေးဖိတ်ခေါ်လိုက်ပါသည်။

စာတည်းအဖွဲ့

---

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ဘရာဇီးနိုင်ငံ၌ ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၃၆၅၀ သေဆုံး



**ရီယိုဒီဂျနေးရိုး မတ် ၂၇**
ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် လူနာ ၃၆၅၀ သေဆုံးခဲ့ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ယနေ့ပြောကြားခဲ့သည်။

မတ် ၂၃ ရက်တွင် ဗိုင်းရပ်စ် ကူးစက်မှုကြောင့်သေဆုံးသူ ၃၂၅၁ ဦးရှိခဲ့ပြီးနောက် လွန်ခဲ့သော ၂၄ နာရီအတွင်း သေဆုံးမှုအရေ အတွက်သည် ဒုတိယအကြိမ် မြောက် သေဆုံးမှုအရေအတွက် ၃၀၀၀ ကျော် လွန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၃၀၇၁၁၂ ဦးရှိလာခဲ့ပြီဖြစ်သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၈၄၂၄၅ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၂၄၀၄၄၁၄ ဦးရှိလာခဲ့ပြီဖြစ်သည်။

ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါအဆိုးရွားဆုံးခံစားရသည့် ကမ္ဘာ့နိုင်ငံများအနက် အမေရိကန်ပြီးနောက် ဒုတိယမြောက် ဗိုင်းရပ်စ် ကူးစက်မှုအများဆုံးနှင့် သေဆုံးမှု အများဆုံးသော နိုင်ငံဖြစ်သည်။

မတ် ၂၆ ရက်အထိ ပြည်သူ ၁၈ ဒသမ ၅ သန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်သည်။ ယင်းတို့အနက် ၁၄ ဒသမ ၀၇ သန်း (၆ ဒသမ ၆၅ ရာခိုင်နှုန်း)သည် ပထမအကြိမ် ကာကွယ်ဆေးထိုးနှံမှုခံယူပြီးသူများဖြစ်ပြီး ၄ ဒသမ ၅၁ သန်းသည် ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးသူများဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**




## ဖိလစ်ပိုင်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၅၉၅ ဦးရှိခဲ့

**မနီလာ မတ် ၂၇**
ဖိလစ်ပိုင်နိုင်ငံ၌ မတ် ၂၇ ရက် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၅၉၅ ဦးအထိ ရှိခဲ့ကြောင်းနှင့် လက်ရှိတွင် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၇၁၂၄၄၂ ဦးအထိ ရှိလာခဲ့ပြီဖြစ်ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီး ဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက်သည် မြင့်တက်လျက်ရှိပြီး မတ် ၂၆ ရက် က ၉၈၃၈ ဦးအထိရှိခဲ့ကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ၁၀ ဦးကျော်ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၃၁၅၉ ဦးအထိ ရှိလာခဲ့ကြောင်းနှင့် ပိုးတွေ့ဆဲလူနာ အရေအတွက်မှာ ၁၁၈၁၂၂ ဦးရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ လူဦးရေသန်း ၁၁၀ ရှိသည့်အနက် လက်ရှိတွင် လူဦးရေ ကိုးသန်းအား ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ရှိ၊ မရှိ စစ်ဆေးထားပြီးဖြစ်ကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံသည် လက်ရှိတွင် ကျန်းမာရေးဝန်ထမ်း ၁ ဒသမ ၇ သန်းခန့်အပြင် လူဦးရေ ၅၀၈၀၀၀ ကျော်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးထားပြီဖြစ်ကြောင်းနှင့် ယခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံသား သန်း ၇၀ အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၉၈၀ ထပ်မံတွေ့ရှိ

**တီဟီရန် မတ် ၂၇**
အီရန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၉၈၀ ထပ်မံတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၁၈၃၈၈၀၃ ဦးအထိ မြင့်တက်လာခဲ့ပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၈၁ ဦး ထပ်မံသေဆုံးခဲ့ရာ သေဆုံးသူပေါင်း ၆၂၂၂၃ ဦးအထိ ရှိလာခဲ့ပြီဖြစ်ကြောင်း အီရန်ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာပညာရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ဆီမာ ဆာဒက်လာရီက ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

အသစ်ထပ်မံ တွေ့ရှိခဲ့သည့် ဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် ၉၆၅ ဦးသည် ဆေးရုံများ၌ ဆေးဝါးကုသမှုခံယူနေရသည်။

ရောဂါပြန်လည်ကျန်းမာလာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားသူအရေအတွက် ၁၅၇၇၄၀၈ ဦးရှိသော်လည်း လူနာ ၃၉၀၈ ဦးသည် အရေးပေါ်အခြေအနေနှင့် ရင်ဆိုင်နေရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၁၂၄၈၁၉၁၇ ဦးအား ရောဂါပိုး ရှိ၊ မရှိ ဆေးစစ်မှုများပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း အီရန်ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာပညာရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ဆီမာ ဆာဒက်လာရီက ဆိုသည်။

အီရန်နိုင်ငံအတွင်းရှိ ၁၇ မြို့အား ရောဂါကူးစက်မှုမြင့်မားသည့်အတွက် အနီရောင်အဆင့်အဖြစ် သတ်မှတ်ထားပြီး ၄၂ မြို့ကိုသာမန် ကူးစက်မှုအဖြစ် လိမ္မော်ရောင်အဆင့် သတ်မှတ်ထားကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**

## အီဂျစ်နိုင်ငံ မြို့တော်ကိုင်ရို၌ ၁၀ ထပ်တိုက်တစ်လုံးပြိုကျခဲ့ရာ အနည်းဆုံး ငါးဦးသေဆုံး


**ကိုင်ရို မတ် ၂၇**
အီဂျစ်နိုင်ငံ မြို့တော်ကိုင်ရိုတွင် ၁၀ ထပ်တိုက်တစ်လုံး ယနေ့ ပြိုကျခဲ့ရာ အနည်းဆုံးလူငါးဦးသေဆုံးခဲ့ပြီး အများအပြားထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ကိုင်ရိုမြို့အုပ်ချုပ်ရေးမှူး၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ဒေသစံတော်ချိန် ယနေ့အရုဏ်တက်အချိန်တွင် မြို့တော်ကိုင်ရိုအရှေ့ပိုင်းရှိ အယ်ဆာလမ်ရပ်ကွက်ရှိ ၁၀ ထပ် အဆောက်အအုံတစ်လုံးပြိုကျခဲ့ရာ အနည်းဆုံးငါးဦးသေဆုံးပြီး ၂၄ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ပြိုကျပျက်စီးသောအပိုင်းအစများအောက်တွင် ပိတ်မိနေသူများကို ကယ်ဆယ်ရေးလုပ်သားများက လိုက်လံရှာဖွေ ကယ်ဆယ်လျက်ရှိသည်။

အဆိုပါ အဆောက်အအုံပြိုကျခဲ့ပြီးနောက် အနီးဝန်းကျင်ရှိ အဆောက်အအုံများတွင် နေထိုင်သူများ ဘေးကင်းမှုရှိစေရေးအတွက် အဆောက်အအုံများ တောင့်တင်းခိုင်မာမှု ရှိ၊ မရှိ စစ်ဆေးရန် အင်ဂျင်နီယာအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းထားကြောင်း အုပ်ချုပ်ရေးမှူး၏ ထုတ်ပြန်ချက်တွင် ပါရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**



## ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၄ ဒသမ ၅ သန်းကျော်ရှိလာ

**မော်စကို မတ် ၂၇**
ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၈၈၅ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၄၅၁၀၇၄၄ ဦးအထိ ရှိလာခဲ့ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးစင်တာက မတ် ၂၇ ရက်တွင် ပြောကြားခဲ့သည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၈၇ ဦးရှိခဲ့သဖြင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူစုစုပေါင်း ၉၇၄၀၄ ဦးရှိလာခဲ့ကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါမှပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၁၀၃၃၇ ဦးရှိခဲ့ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၄၁၃၀၄၉၈ ဦးအထိရှိလာခဲ့ကြောင်း အဆိုပါ ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးစင်တာက ပြောကြားခဲ့သည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် သေဆုံးမှုတွင် အများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၅၁ ဦးရှိခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၀၂၀၆၇၃ ဦးအထိရှိလာခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ရုရှားနိုင်ငံလူဦးရေ၏ ၁၁၉ ဒသမ ၂ သန်းနီးပါးအား ကိုဗစ်-၁၉ ရောဂါကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ လုပ်ဆောင်ထားပြီးဖြစ်ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးစင်တာက ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | သေဆုံးသူ | ပြန်လည်ကျန်းမာလာသူ |
|---|---|---|---|
| | ၁၂၆၈၄၂၇၂၂ ဦး | ၂၇၈၂၁၁၂ ဦး | ၁၀၂၂၆၄၀၅၉ ဦး |

# ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲစဉ်တွင် အနည်းဆုံးပရိသတ် ၉၀၀၀ ဝင်ရောက်ကြည့်ရှုခွင့်ပေးရန် ဥရောပဘောလုံးအဖွဲ့ချုပ် စီစဉ်လျက်ရှိ


© AFP via Getty Images

မေ ၂၉ ရက်တွင် ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲစဉ်ကျင်းပမည့် အစ္စတန်ဘူလ်မြို့ရှိ Ataturk အိုလံပစ်အားကစားကွင်းအား တွေ့ရစဉ်။


ဥရောပမှာ ကျင်းပနေတဲ့ ဘောလုံးပြိုင်ပွဲတွေမှာ ကိုဗစ်-၁၉ ရောဂါကြောင့် ပရိသတ်ဝင်ရောက်ကြည့်ရှုခွင့်ကို ပိတ်ပင်ထားခဲ့ပေမယ့် ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)ဟာ တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့မှာ ကျင်းပမယ့် ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ဗိုလ်လုပွဲတက်ရောက်လာတဲ့ ကလပ်အသင်းနှစ်သင်းရဲ့ ပရိသတ်ကို အနည်းဆုံး ၉၀၀၀ အထိ ဝင်ရောက်ကြည့်ရှုခွင့်ပေးဖို့ စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။

လက်ရှိမှာ ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲဟာ ကွာတားဖိုင်နယ်အဆင့် ယှဉ်ပြိုင်ရဖို့ ရှိနေတာဖြစ်ပြီး အဲဒီကွာတားဖိုင်နယ်တက်ရောက်လာတဲ့ အသင်းရှစ်သင်းက နောက်ဆုံးဗိုလ်လုပွဲမှာ ပရိသတ် ၉၀၀၀ အထိ ကြည့်ရှုခွင့်ပေးသင့်တယ်လို့ ပြောကြားခဲ့တာဖြစ်ပါတယ်။

ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲစဉ်ကို မေ ၂၉ ရက်မှာ အစ္စတန်ဘူလ်မြို့ရှိ Ataturk အိုလံပစ်အားကစားကွင်းထဲမှာ ကျင်းပသွားဖို့ရှိနေပြီး တူရကီအစိုးရကတော့ ပရိသတ် ၉၀၀၀ ဝင်ရောက်ကြည့်ရှုခွင့်ပေးဖို့နဲ့ ပတ်သက်တဲ့ နောက်ဆုံးဆုံးဖြတ်ချက်ကို အားကစားကွင်းရဲ့ ပရိသတ်ဝင်ဆံ့မှုနဲ့ နိုင်ငံတကာခရီးသည်ဝင်ရောက်မှုတို့အပေါ်မှာ မူတည်ပြီး ဆုံးဖြတ်သွားမယ်လို့ ဆိုပါတယ်။

Ataturk အိုလံပစ်အားကစားကွင်းဟာ ပရိသတ် ၇၅၄၁၅ ဦးအထိဝင်ဆံ့တာမို့ ဥရောပဘောလုံးအဖွဲ့ချုပ်က ပရိသတ်ဝင်ဆံ့မှုရဲ့ ၃၀ ရာခိုင်နှုန်းကနေ ၅၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ခွင့်ပြုသွားဖို့ စီစဉ်နေတာဖြစ်ပါတယ်။ ■

# တိုက်စစ်မှူး အမ်ဘက်ပီနဲ့ ဟာလန်းကို ခေါ်ယူဖို့ ရီးယဲလ်မက်ဒရစ်အသင်း စီစဉ်နေ


© AFP via Getty Images



© DAX Images/NurPhoto/REX

စပိန်လာလီဂါရဲ့ ထိပ်တန်းကလပ်အသင်းတစ်သင်းဖြစ်တဲ့ ရီးယဲလ်မက်ဒရစ်အသင်းဟာ ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး အမ်ဘက်ပီနဲ့ ဒေါ့မွန်အသင်းတိုက်စစ်မှူး ဟာလန်းတို့ကို ခေါ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ အခုနှစ်ဘောလုံးရာသီ စပိန်လာလီဂါပြိုင်ပွဲမှာ ရလဒ်ကောင်းပိုင်ဆိုင်ဖို့ ရုန်းကန်နေရပြီး လက်ရှိမှာ အမှတ်ပေးဇယားအဆင့် ၃ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ ဒါပေမယ့် ရီးယဲလ်မက်ဒရစ်အသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ကွာတားဖိုင်နယ်အဆင့်ကို ဘောလုံးရာသီ နှစ်ရာသီအတွင်း ပထမဆုံးအကြိမ်တက်လှမ်းနိုင်ခဲ့ပြီး ဧပြီလအတွင်းမှာ ကျင်းပမယ့် ကွာတားဖိုင်နယ်အဆင့်မှာ ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ အသင်းကို အကောင်းဆုံးပြန်လည်တည်ဆောက်ဖို့ရှိနေတာကြောင့် နွေရာသီ ဈေးကွက်အတွင်းမှာ တိုက်စစ်မှူး အမ်ဘက်ပီနဲ့ တိုက်စစ်မှူး ဟာလန်းတို့ကို ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပါတယ်။

ဒေါ့မွန်အသင်းဟာ တိုက်စစ်မှူး ဟာလန်းရဲ့ ပြောင်းရွှေ့ကြေးကို ပေါင် ၁၅၄ သန်းအထိ သတ်မှတ်ထားတာဖြစ်ပြီး တိုက်စစ်မှူး ဟာလန်းဟာ အခုနှစ်ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ပွဲစဉ်ခြောက်ပွဲမှာ သွင်းယူခဲ့တဲ့ သွင်းဂိုး ၁၀ ဂိုးအပါအဝင် စုစုပေါင်းသွင်းဂိုး ၄၉ ဂိုးအထိသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

အဲဒီလိုခြေစွမ်းကောင်းပိုင်ဆိုင်ခဲ့တာကြောင့် တိုက်စစ်မှူး ဟာလန်းကို ရီးယဲလ်မက်ဒရစ်အသင်းအပြင် မန်ယူအသင်း၊ မန်စီးတီးအသင်း၊ ချယ်လ်ဆီးအသင်းနဲ့ ဘာစီလိုနာအသင်းတို့ကလည်း ခေါ်ယူဖို့ စိတ်ဝင်စား နေတာဖြစ်ပါတယ်။

ပြင်သစ်တိုက်စစ်မှူး အမ်ဘက်ပီဟာလည်း အခုနှစ်ဘောလုံးရာသီ ၃၆ ပွဲမှာ သွင်းဂိုး ၃၀ နဲ့ ဂိုးဖန်တီးမှု ကိုးကြိမ်ပြုလုပ်ထားနိုင်ခဲ့တာဖြစ်ပြီး အမ်ဘက်ပီရဲ့ ပီအက်စ်ဂျီအသင်းနဲ့ ချုပ်ဆိုထားတဲ့စာချုပ်သက်တမ်းဟာ ၂၀၂၂ ခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ကုန်ဆုံးမှာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

## အနုပညာ

# ဂျနီဖာလိုပက်ဇ်နဲ့ တစ်နိုင်ငံတည်းမှာ အတူရှိနေတဲ့ အဲလက်စ်ရိုဒရီးဂွက်ဇ်




လွန်ခဲ့တဲ့ ရက်သတ္တနှစ်ပတ်ခန့်က လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်ခဲ့တဲ့ ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ တေးသံရှင်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ဂျနီဖာလိုပက်ဇ်နဲ့ ဘေ့စ်ဘောကစားသမားတစ်ဦးဖြစ်သူ အဲလက်ရော့ဒရီဂွက်ဇ်တို့ဟာ လတ်တလောမှာ သူတို့နှစ်ဦးစလုံး တစ်နိုင်ငံတည်းမှာ ရှိနေဆဲဖြစ်ကြောင်း ထုတ်ဖော်ပြသခဲ့ပါတယ်။

သူတို့နှစ်ဦးဟာ ချစ်သူတွေအဖြစ် လေးနှစ်ကြာ လက်တွဲခဲ့ပြီးနောက် လမ်းခွဲဖို့ ဆုံးဖြတ်ခဲ့ကြတာဖြစ်ကြောင်း မီဒီယာတွေက ရေးသားဖော်ပြခဲ့ပေမယ့် လက်ရှိအချိန်မှာတော့ နှစ်ဦးသား ဒိုမီနီကန်သမ္မတနိုင်ငံမှာ ရောက်ရှိနေတာဖြစ်ပါတယ်။

မတ် ၂၆ ရက်မှာ အဲလက်စ်ရိုဒရီးဂွက်ဇ်က သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ပင်လယ်ကို ငေးကြည့်ရင်း ရေကန်ဘေးမှာ ရိုက်ကူးထားတဲ့ သူ့ရဲ့ဓာတ်ပုံကို ဖော်ပြခဲ့ပါတယ်။ အဆိုပါ ဓာတ်ပုံနဲ့အတူ ဒိုမီနီကန်သမ္မတနိုင်ငံအလံကိုပါ တွဲဖက်ထားကာ သူ့အနေနဲ့ အဆိုပါနိုင်ငံမှာရှိနေကြောင်း ဖော်ပြခဲ့ပါတယ်။ ဂျနီဖာလိုပက်ဇ်ကတော့ ဒိုမီနီကန်သမ္မတနိုင်ငံမှာ ရောက်ရှိနေကာ ရုပ်ရှင်သစ် ရိုက်ကူးနေတာဖြစ်တယ်လို့လည်း သိရပါတယ်။

သူတို့နှစ်ဦး လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်ခဲ့ပြီးနောက်ပိုင်းမှာ ဂျနီဖာလိုပက်ဇ်က သူနဲ့ အဲလက်စ်ရိုဒရီးဂွက်ဇ်တို့အချို့အရာတွေကို အတူလုပ်ဆောင်နေဆဲဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ အလားတူ အဲလက်စ်ရိုဒရီးဂွက်ဇ်ကိုလည်း သူမိုင်ယာမီမှာရှိနေစဉ် မီဒီယာတွေက ဂျနီဖာနဲ့ လမ်းခွဲလိုက်တဲ့ သတင်းနဲ့ပတ်သက်ပြီး မေးမြန်းခဲ့ရာမှာ ဂျနီဖာလိုပက်ဇ်ပြောကြားသလိုပင် ပြန်လည်ဖြေကြားခဲ့တယ်လို့လည်း သိရပါတယ်။

# စူးဂျင်ရဲ့ အနိုင်ကျင့်ခံခဲ့ရကြောင်း ဆိုရှင်အေး ပြောကြား

လတ်တလောမှာ တောင်ကိုရီးယားကြယ်ပွင့်တွေ အနိုင်ကျင့်ခဲ့တဲ့ သတင်းတွေ၊ အနိုင်ကျင့်ခံခဲ့ရတဲ့ သတင်းတွေ ဆက်တိုက်ပေါ်ထွက်လာခဲ့ပါတယ်။ အနိုင်ကျင့်ခံခဲ့ရတာနဲ့ပတ်သက်ပြီး ထုတ်ဖော်ပြောကြားခဲ့တာတွေ များစွာ ရှိခဲ့ပါတယ်။ ဒီလို ထုတ်ဖော်ပြောကြားခဲ့တဲ့ ကြယ်ပွင့်တွေထဲမှာ မင်းသမီးဆိုရှင်အေးလည်း အပါအဝင်ဖြစ်ကြောင်း ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဆိုရှင်အေးက သူ့အနေနဲ့ ကျောင်းနေစဉ်မှာ တောင်ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ (G)I-DLE ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ စူးဂျင်ရဲ့ အနိုင်ကျင့်ခံခဲ့ရကြောင်းနဲ့ သူ့အနေနဲ့ နှစ်နှစ်ကြာ အနိုင်ကျင့်ခံခဲ့ရတာဖြစ်ကြောင်း သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။

ဆိုရှင်အေးက စူးဂျင်ဟာ သူ ရှစ်တန်းတက်နေစဉ်မှာ အနိုင်ကျင့်ခဲ့တာဖြစ်ကြောင်း၊ သူ့ကို မကောင်းပြောဆိုတာ၊ လှောင်ပြောင်တာ၊ ဝေဖန်တိုက်ခိုက်တာတွေကို အတန်းထဲနဲ့ အခြားနေရာတွေမှာ ပြုလုပ်ခဲ့ကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။ ဒါ့အပြင် ဆိုရှင်အေးက သူ့အနေနဲ့ အနိုင်ကျင့်ခံခဲ့ရတာကို တိတ်ဆိတ်နေခဲ့ပေမယ့် လတ်တလောမှာတော့ ကိုယ့်ကိုယ်ကိုယ်စိတ်မပျက်လိုတာကြောင့်နဲ့ အနာဂတ်မှာ နောင်တမရှိစေဖို့ ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ကြောင်း ဆိုပါတယ်။ သူ့လို အနိုင်ကျင့်ခံရတဲ့သူတွေ ရှိပါကလည်း သတ္တိရှိရှိ ထုတ်ဖော်ပြောကြားဖို့ကိုလည်း မင်းသမီးက တိုက်တွန်းခဲ့တာကိုလည်း တွေ့ရပါတယ်။

စူးဂျင်ကတော့ ဒီသတင်းနဲ့ပတ်သက်ပြီး မှန်ကန်မှုမရှိကြောင်းနဲ့ အမှန်ကို ဆိုရှင်အေးကိုယ်တိုင် ပြန်လည်ဖြေရှင်းပေးဖို့ တောင်းဆိုထားကြောင်းလည်း သိရပါတယ်။

အေးပြည့် - စုစည်းသည်

# (၇၆)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ကျင်းပပြုလုပ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် မတ် ၂၇

၂၀၂၁ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့၊ ယနေ့တွင် ကျရောက်သည့် (၇၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက် မိန့်ခွန်းပြောကြားသည်။ စာမျက်နှာ ၆ ကော်လံ ၁ သို့ ❍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် စစ်ရေးပြစစ်ကြောင်းကြီးများအား စစ်ဆေးစဉ်။

# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်ပီတန်းအသင်း လက်ရည်စမ်းပြိုင်ပွဲကျင်းပ

နေပြည်တော် မတ် ၂၇

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ပီတန်းအားကစားအသင်း ပထမအကြိမ်လက်ရည်စမ်းပြိုင်ပွဲကို နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းအတွင်းရှိ ပီတန်းလေ့ကျင့်ရေးကွင်း၌ မတ် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင်ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ဆုများချီးမြှင့်သည်။



ပြိုင်ပွဲတွင် ပီတန်းအားကစားသမား ၁၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲအမျိုးအစားအဖြစ် Shooting အားကစားပြိုင်ပွဲတွင် ပထမဆုရရှိသော မောင်ဝင်းသူရှိန်ထွန်းအား ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်ကလည်းကောင်း၊ ဒုတိယဆုရရှိသော မခင်ချယ်ရီသက်အား အားကစားနှင့်ကာယပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးကလည်းကောင်း၊ တတိယဆုရရှိသော မအေးအေးငြိမ်းအား အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးကလည်းကောင်း ဆုများပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်


ကြေးမုံ ယနေ့ ဖတ်စရာ

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သေဆုံး/ဒဏ်ရာရ ရဲတပ်ဖွဲ့ဝင် ၂၁ ဦးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ချီးမြှင့်

စာမျက်နှာ » ၁၄

လမ်းဖျက်သောသူ - တို့ပြည်သူ့ရန်သူ

ဆောင်းပါး စာမျက်နှာ » ၁၅

မသိနားမလည်လို့ပါဆို၍ တရားဥပဒေက ခွင့်လွှတ်ရိုးထုံးစံမရှိ

ဆောင်းပါး စာမျက်နှာ » ၂၁